အတွဲ ၆။ အမှတ် ၁။


# ရွှေသွေး ဂျာနယ်

၁၃၃၅ ခု၊ တပေါင်းလဆန်း ၃ ရက် (၂၃-၂-၇၄)




## ငဆိုင်း


ပန်းချီ-ဦးဘကြည်
ဇါတ်လမ်း-စန်းစန်း




စနေနေ့တိုင်း ထုတ်ဝေသည်။



ရှေးတုန်းက ရိုးသား၍ ဉာဏ်ပညာ အလွန်ထုံထိုင်းသော ထေိုင်းဆိုသူ ရှိလေသည်။
တနေ့တွင် ထေိုင်းသည် အလုပ်ရှာရန် ထွက်ခဲ့ရာ၊ မြစ်ကမ်းတွင် လှေတစင်းကို တွေ့၍
ဒီလှေပေါ်မှာ အလုပ်လုပ်ချင်ပါတယ်၊
ဘာလုပ်တတ်သလဲ
လှေပေါ်မှာ တခါမှ မလုပ်ဖူးသေးပါဘူး
အင်း-မလတော့ ကောင်းသား
လှေထိုးသား-လုပ်မလား၊ လုပ်ခ-တော့ ခဲ့တယ်။
ဘာဖြစ်ဖြစ် လုပ်ပါ့မယ်
ထေိုင်းသည် အလုပ်ကို မနိုမကတ်ဘဲ ကြိုးကြိုးစားစား လှေထိုးလေသည်။
ရိုးလွန်းလှ၍ အမှတ်တမဲ့နေခဲ့ရာ တက်မကိုင်ပဲ့နင်းနေရာကိုပင် မသိရှာပေ။
တခါတွင် လှေဦးမှ လှေထိုးသား တယောက်က တက်မကိုင်ကိုမကြည့်ပဲ—
ကျောက် စွန်းရှိတယ်၊ ညာဘက်တိမ်း - ညာဘက်တိမ်း


ထိုသူအော်လိုက်တိုင်း တက်မကိုင်က လှေကို တိမ်းပေးသည်ကို....
ဟာ- တယ် ဟုတ်ပါလား
သူက- ညာဘက်တိမ်းလို့ ပြောတာနဲ့ လှေကြီးဟာ- သူ့စကားနားလည်ပြီး သူ့ဟာသူ- ညာဘက်ကို တိမ်းသွားတာကိုး။ ကောင်းလိုက်တဲ့ လှေကြီး
ထိုအခါ ငထိုင်းက ထိုလှေထိုးသားအား
ဒီလှေ- ဘာသားနဲ့ လုပ်တာလဲ ဗျ
သကျိန်းသားနဲ့
ဟာ- လက်စသတ်တော့ သကျိန်းသားလှေကိုး။ လူက- ဘယ်တိမ်းဆို တိမ်းတာဘဲ။ ညာတိမ်းဆိုလဲ တိမ်းတာဘဲ။ တယ်ကောင်းတာဘဲ
ငထိုင်းသည် အထက်အညာမှ တခေါက်ပြန် စုံဆင်း၍ မူလဆိပ်ကမ်းသို့ ရောက်သောအခါ
ကျနော် အိမ်ပြန်တော့မယ်။ လုပ်ခလေး မ.စ.ပါခင်ဗျာ
အေး - ရပါတယ်။ မင်းလုပ်ချင်တော့လဲ ပြန်လာခဲ့ပေါ့ ကွာ။ ကြားလား။
ဟုတ်ကဲ့
အိမ်သို့ ပြန်ရောက်လေသော် အကြံသစ် တခု ပေါ်လာတော့သည်။
အိမ်ဘေးက- သကျိန်း ပင်ကြီးလှဲပြီး - လှေထွင်းယင် ကောင်းမှာဘဲ-- ---- သကျိန်းသား လှေဆိုယင်---- ----
....ငါက ရွှေဆိုတဲ့ ဘက်တွေမှာဘဲ ။ ဒါဒီလှေနဲ့ ကုန်ကူးမယ်။ အရင်း အနှီး မရှိသေးခင် - ငါးပေါက်စ - ဘဲပေါက်စလေးတွေ လောက်ဘဲ တင်သွားမယ်။ လမ်းခရီးက - အတော်ကြာကြာ သွားရမယ်ဆိုတော့ ဟိုရောက်ရော - ဘဲကြီးတွေ - ငါးကြီးတွေဖြစ်နေမှာဘဲ....
ဒီတော့ - ဈေးကောင်းကောင်းရမယ်။ တော်တော်လေးငွေရလာမယ်။ အမယ်... ကံကောင်းယင် ငါးဖမ်းရင်း - ရေသူမ - တကောင်လောက် မယားမိချင်လဲ မိမှာဘဲ --- ဟဲ ။ ဘဲ ဖမ်းရင်း တောင် - ဟင်္သာ တကောင်တလေ လာချင်လာမှာ ---- ဟား.....


ထိုအကြံရလျှင် ပေါက်ဆိန် တလက်ကို ယူပြီး သက်န်းပင်ကို စတင်ခုတ်လှဲလေ၏။
ထိုအခိုက် လူတယောက်ရောက်လာပြီး
ဟဲ့ - ငထိုင်း - သစ်ကိုင်းတွေက - အိမ်ဘက်ထွက်တာများနေတယ်။ ပထမ - အကိုင်းတွေကို ချိုင်၊ ပြီးမှ - ပင်စည်ကို ကြိုးနဲ့ လွတ်ရာဘက်ကို ဆိုင်းထား။ အဲဒီတော့မှ - အပင်လှဲဖို့ ပေါက်ဆိန်နဲ့ ပေါက်ရတယ်ကွ.
ကိစ္စမရှိပါဘူး - ကျနော်နားလည်ပါတယ်.
သတိပေးတာပါကွယ်။ နားလည်ယင်လဲ ပြီးတာဘဲ
ဆက်လက်ခုတ်နေစဉ် ပင်စည်ရင်းမှအသံများ ထွက်လာသောကြောင့်–
ကျွိ ကျွိ
အိမ်ဘက်သို့ ကမန်းကတန်း ပြေးသွား ကာ လဲစပြုနေသောသစ်ပင် ကြီးကို–
ဟိုးဟိုး - ဒီဘက်မှာ အိမ်ရှိတယ်၊ ဟိုဘက်ကိုလဲ ဟိုဘက်ကိုလဲ
သွတ် သွတ် သွတ်
သက်န်းပင်ကြီးမှာ တည့်တည့် မတ်မတ် သာလျှင် သူ့ပေါ်သို့လဲကျလေတော့သတည်း။
ဝုန်း
ပြီး


ဟဲ့- ရိုက်ကြစမ်း
တော်တော် အတင့်ရဲတဲ့ခွေး အသေသာဆော်
အာသာကြီးသော အမဲရိုး
မောင်ခင်း ရေးဆွဲသည်
ဂုတ်ကျားသည် အမဲရိုးကို ကိုက်ချီ၍ အတင်းသုတ်ခြေတင် ပြေးလာခဲ့ရလေသည်။ သူ့နောက်တွင် လူများက တုတ်များ၊ ခဲများကိုင်၍ လိုက်လာကြ၏။
ဂုတ်ကျားသည် အတန်ကြာပြေးနေပြီး ချုံပုတ်တခုထဲတွင် ဝင်ပုန်းလိုက်၏။
မိရင် အသေဆော်ပစ်လိုက်မယ်
ဒီနားလေးတင် ပျောက်သွားတယ်ကွ
ဟူး- တော်ပါသေးရဲ့ ငါ့မမြင်ဘဲ ဟိုဘက်ထွက်သွားလို့- အခုငါကလဲ အာလွန်းလို့သာ ဒီလိုခိုးစားရတာတယ် အန္တရာယ်ကြီးတာဘဲ
ဂုတ်ကျားသည် ဆာဆာနှင့် အမဲသားများကို ပလုပ်ပလောင်းစားပြီး အိပ်ပျော်သွား၏။
ဝေါ်- ခလော-
Z Z Z
ဝေါ်-
မကြာမီ
ဖေဖေရေ- ဒီမှာခွေးတကောင် သားတို့အိမ်မှာမွေးရအောင်လေ


ဟွဲ-လာလာ-
ဘယ်ကခွေးမှန်းမသိ
ဘာမှန်းမသိ-ကိုက်လိုက်မယ်
ထွန်းထွန်းသည် ဂုတ်ကျားကို လှည့်ကြည့် လှည့်ကြည့်ဖြင့် သွားရာ ဂုတ်ကျားလည်း နောက်မှ လိုက်သွားလေ၏။
သို့သော် ထွန်းထွန်းတို့အိမ်ရောက်သော် သူ့ကို အဝင်မခံပဲ တံခါးပိတ်ထားလေသည်။
အင်း-ကောင်လေးက သဘောကောင်းပေမဲ့ မိန်းမကြီးက ငါ့ကိုလက်ခံချင်ပုံမပေါ်ဘူး
ဂုတ်ကျားသည် ဘယ်သွားရမှန်းမသိ၍ ထို အိမ်နားတွင်ပင် ထရစ်ဝဲဝဲဖြစ်နေ၏။
အင်း-ငါ့ဘဝ-တယ် ဆိုးတာဘဲ-
သို့ဖြင့် ညတက်သို့ရောက်သော်- - - - - .
ဟူး! တိုးတိုး လူတွေမအိပ် သေးဘူးနဲ့တူတယ်
အိပ်ပါပြီကွ မီးတွေတောင် မှိတ်ထားသယ်
ခွေးတွေဟာတွေလဲ ကြည့်အုံးနော်
ဒီအိမ်မှာခွေးမရှိ ပါဘူး-ငါ စုံစမ်းပြီးပြီ-
ဂုတ်ကျားသည် မှောင်ထဲမှ လူနှစ်ယောက် အသံကြား၍-
ဟာ-လူနှစ်ယောက်ပါလား နောက်ဖေးတံခါးကိုဖွင့်နေပြီ





လူကြီးများက ခွင့်ပြုလိုက်သဖြင့် ထွန်းထွန်းသည် သူ့ကို အမဲရိုးများ ကျွေးလေသည်။ သည်တခါ ဂုတ်ကျားစားရသော အမဲရိုးသည် ဈေးမှ ခိုးစားရသော အမဲရိုးထက် အရသာ ရှိသည်ဟု ဂုတ်ကျားထင်မိလေသတည်း။




# ဗူးနှင့်ဗူးအနွယ်ဝင်များ

ရေးသူ- စိုးလွင်မြင့်   သရုပ်ဖော်- ဝင်းရွှေ



ရွှေဖရုံ



ကျောက်ဖရုံ

ဗူး၊ သခွား၊ သခွားမွှေး၊ ဖရဲ၊ ကျောက်ဖရုံ၊ ရွှေဖရုံ စသည်တို့သည် ဗူးအနွယ်ဝင်များပင်ဖြစ်၏။ ယင်းတို့သည် အပူပိုင်းဒေသ၌ စိုက်ပျိုးဖြစ်ထွန်းသော သီးပင်များ ဖြစ်၏။ လျင်မြန်စွာ ကြီးထွားလွယ်သော တနှစ်ခံ ပင်များ ဖြစ်ကာ၊ မြေတွင် တွား သွားရန် သို့မဟုတ် စင်နှင့် အပင်သို့ တက်ရန် နွယ် နှာမောင်းများ ပါရှိ လေသည်။ အသီးအားလုံးတွင် ဗူးနှင့် ဗူးအနွယ်ဝင်တို့မှသီးသော အသီးများသည် အကြီးဆုံး ဖြစ်၏။ တခါတရံ အလေးချိန် ပေါင် နှစ်ရာခန့်ရှိသော ရွှေဖရုံသီးကြီးများကိုပင် တွေ့ရတတ်သည်။

ဗူးနှင့် ဗူးအနွယ်ဝင်တို့၏ အပွင့်များသည် အများအားဖြင့် အဖြူနှင့် အဝါရောင်ဖြစ်၍ ပွင့်ဖတ် ငါးခုတို့သည် ဆက်စပ်နေ၏။ အဖိုနှင့် အမပွင့်တို့သည် သီးခြားဖြစ်သော်လည်း တပင်တည်း၌ပင်၊ အခြား အပင်သို့ပင် ကူးယှက်၍ မျိုးစေ့ပေါက်ပွားနိုင်လေသည်။ အပင်ရိုးသို့မဟုတ် ပင်စည်တွင် အကြောမျှင်များ ပါရှိသည်။ ဗူးသီးကို အစာအဖြစ် စားသုံး နိုင်သည့်အပြင်၊ ရေဗူး အဖြစ်လည်း ပြုပြင်၍ သုံးစွဲနိုင်လေသည်။ ရေဗူးတလုံးရရှိရန် ဗူးသီးကို အခြောက်ခံ၍ အတွင်းမှ



ဖရဲ


အသားများကို ခြစ်ထုတ်ပစ်ရသည်။ မြေအိုးမြေခွက်တို့မပေါ်မီ ကျောက်ခေတ်လူတို့သည် ယင်းရေဗူးမျိုးကို အသုံးပြုခဲ့ကြသည်ဟု ယူဆရ၏။

ရွှေဖရုံသီးတို့သည် ပုပိုင်း၍၊ သခွားသီးတို့သည် ဝက်အူတောင့် သဏ္ဍာန် ရှည်မျောမျော ဖြစ်လေသည်။ ရွှေဖရုံသီးနှင့် ချက်ပြုတ် ပြုလုပ်ထားသော အစာသည် အမေရိကန်တို့၏ ရိုးရာ အစာတခုဖြစ်လေသည်။


ပူအိုက်သော နွေရာသီ၌ စားသုံးပါက ရင်ကို အေးမြစေပြီး အရသာ ထူးသော သခွားကို အနောက်နိုင်ငံများတွင် ဆလတ်ရွက်ဖြင့် ၎င်း၊ ထောပတ်သုတ်ပေါင်မုန့်ပါးပါးဖြင့်၎င်း ပူးတွဲ၍ စားသုံးကြသည်။ အနောက် အိန္ဒိယကျွန်းစုများမှ သခွားပုမျိုး ကလေးများသည် ဆီစိမ် သနပ် ပြုလုပ်ရန်နှင့် ချဉ်ရည်စိမ်ရန်ကောင်းမွန်လေသည်။ အနံ့အရသာနှင့် ပြည့်စုံသော သခွားမွှေး တမျိုးလည်း ရှိသည်။ ကျောက်ဖရုံသည် အတွင်း သားအဖြူရောင်ဖြစ်ပြီး အစိမ်းစားသုံးရန် မကောင်းပေ။ ချက်ပြုတ်၍၎င်း၊ ယိုထိုး၍၎င်း စားသုံးရလေသည်။

အထူးသဖြင့် သခွားသီးများကို အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် ကုန်ကြမ်း တခုအဖြစ် အသုံးပြုသည်။

ချိုအေး၍ အရည်ရွှမ်းသော ဖရဲသီး၏ အသားသည် စိမ်းဝါရောင်မှ လိမ္မော်ရောင် အဖြူရောင် စသည်ဖြင့် ရှိလေသည်။ သေးငယ်သော ဖရဲစေ့ကလေးများကို တရုတ်လူမျိုးတို့သည် ကွာစေ့လှော်အဖြစ် စားသုံးလေ့ရှိ၏။ ဖရဲပင်၏ မူလပေါက်ရောက်ရာ ဒေသသည် အိန္ဒိယနိုင်ငံဟု ယူဆရ၏။ သို့သော် ရှေးကာလကပင် အာရှတိုက် အနောက်ပိုင်းနှင့် အီဂျစ်တို့၌ စိုက်ပျိုးခဲ့ကြောင်း သိရလေသည်။



သခွား




သခွားမွှေး



# ယာခနကိုယ်စီ
## ပယ်ဂုမည်

ဇာတ်လမ်း/မျိုးချိုး
ကာတွန်း–နှင်းဥသာ




ဖောင်တိန်ဆိုတာ တလက်လုံးကွ- ငါကောင်းလို့ စာရေးဆရာကြီး တွေပေါ်ပေါင်း များပြီ-
မင်းတို့ မင်အိုးဆိုတာ-တခါ ကုန်ရင်-တခါထပ်ဝယ်ရတာ ဘာများအသုံးကျလို့လဲ
ဒါကတော့-မင်းတဖက်သတ် ပြောတာဘဲ-ငါမရှိသရွေ့ မင်းဟာ သုံးမရတဲ့ကောင် ဖြစ်မှာဘဲ
ဟုတ်တယ်ပေါ့-မင်းမရှိသရွေ့ ဖောင်တိန်ဟာ အလကားဘဲ- ဘာအသုံးကျမှာလဲ
ဟဲ-ဒါပေမဲ့-မင်းတို့ နှစ်ယောက်စလုံးထက် ငါက-အကျိုးအပြု ဆုံးကွ-
မင်းတို့ရှိပေမဲ့ငါမရှိရင်-စာရေးဆရာ ကြီး-ထမင်းငတ်သွားမှာဘဲ-အရေး အကြီးဆုံးက-ငါ။-ငါ။-


တော်စမ်းပါဗျာ—ဘာလျှ
လာပေးမနေစမ်းပါနဲ့—
ဒီကိစ္စမှာ ခင်ဗျားအသား
ပျော်ကာမလိုဘူး
အို့—ဟိုး—လွန်တာပေါ့.
မင်းတို့မယုံလဲ ပညာရှိ
ကလောင်အိုကြီးကို
မေးကြည့်—
ဟုတ်လားဗျို့—
စက္ကူက အရေးအကြီး
ဆုံးဆို—ကလောင်ပညာရှိ
ကြီးရဲ့———
အေး—ဟုတ်တယ်—စက္ကူက
အရေးအကြီးဆုံးဘဲ———
ဒါပေမဲ့ မင်နဲ့ဖောင်တိန်လဲ
အရေးကြီးတာဘဲ
ဒါကြောင့်—မင်းတို့မာနကိုယ်
စီနဲ့ပြိုင်ကြမဲ့အစား ညီညီ
ညွတ်ညွတ်ရှိကြမယ်ဆိုရင်
နို့စာရေးဆရာကြီးပမာ
စာကောင်းကောင်းရေးနိုင်
မှာဘဲ———
ဟုတ်တယ်—
ဟုတ်တယ်
ဒီနေ့ကစပြီး
မာနတွေ
ပယ်ကြမယ်—
ညီညွတ်
ကြမယ်—



# ဗိဿနိုး မြို့တော်

တောင်တွင်းကြီးမြို့ အနောက်ဖက် ၁၂ မိုင်ကွာ ကုက္ကိုခွဲရွာ၏ မြောက်ဖက်တွင် တည်ရှိသော ဗိဿနိုးမြို့ဟောင်းသည် ပျူမြို့တော်ဟောင်းကြီး တခုဖြစ်သည်ဟု သုတေသီတို့က ယူဆကြသည်။

ဗိဿနိုးမြို့တော် ထွန်းကားစည်ပင်ခဲ့စဉ်က ပန်ထွာ အမည်ရှိသော ဘုရင်မကြီး ကြီးစိုးခဲ့သည်။ ဒွတ္တပေါင်မင်းကြီး လာရောက် စစ်တိုက်သောကြောင့် သာသနာ သက္ကရာဇ် ၁၀၄ ခုနှစ်တွင် ဗိဿနိုးမြို့ကြီး ပျက်စီးသွားရကြောင်း ယူဆကြသည်။ ဗိဿနိုးမြို့ကို ပန်ထွာမြို့ ဟူ၍လည်း ခေါ်ဝေါ်သည်။ "ယင်းချောင်း"၏ လက်တက်ဖြစ်သော "ရန်ပယ်" ချောင်းသည် ဗိဿနိုးမြို့ကို ကျေပတ် စီးဆင်းသည်။ ရှေးအခါက အတုလ စည်တော်ကြီးကို တီးလျှင် ရန်ပယ်ချောင်းတွင် ရေကြီးစွာ စီးဆင်းသည်ဟု ဒဏ္ဍာရီများက ဆိုသည်။

ဗိဿနိုး၊ သရေခေတ္တရာနှင့် ဟန်လင်း ဟူ၍ ပျူမြို့ဟောင်း သုံးခု တွေ့ရှိခဲ့ရာတွင် ဗိဿနိုးသည် ရှေးအကျဆုံး ပျူမြို့ပြ နိုင်ငံဖြစ်သည်။

၁၉၀၅ ခုတွင် ဗိဿနိုးမြို့တော်ကို ရှေးဟောင်း သုတေသန ဌာနမှ ကျောက်စာဝန် မစ္စတာတော်စိန်ခို ဦးဆောင်၍ ပထမဆုံးစတင် တူးဖော်ခဲ့လေသည်။

မျိုးညွန့် (ရန်ကုန်တက္ကသိုလ်)

## အစာကြေဆေးကျွေးမှာပေါ့





# မမှန်သော အဖျား

ခင်မောင်ရိုး

ကျောင်းတက် ခေါင်းလောင်း ထိုးပြီး အတော်ကြာမှ အတန်းထဲသို့ ကျွန်တော် တလှမ်းချင်း ဝင်ခဲ့ပါသည်။ ဆရာမနှင့် တကွ အတန်းသား အားလုံးက ကျွန်တော့်ကို ဝိုင်းကြည့်နေကြပြီး အချင်းချင်း လည်း စကားတီးတိုး ပြောဆို နေကြပါသည်။

"ခင်ဇော် ဒီကို ခဏလာစမ်း"

ထိုင်ခုံတွင် ဝင်ထိုင်မည်အပြုတွင် အတန်းပိုင် ဆရာမ ဒေါ်သန်းနွဲ့၏ခေါ် သံကိုကြားလိုက်ရပါသည်။ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားမိပါသည်။ ဆရာမ စားပွဲရှေ့တွင် ခြေစုံရပ်မိသောအခါ –

"မင်းအပြစ် မင်းသိရဲ့လား၊ မင်းဘာဖြစ်လို့ သူများကို နိုင်လိုမင်းထက် ပြုချင်ရတာလဲ၊ မင်းမှာ ကိုယ်ချင်း စာတတ်တဲ့စိတ် မရှိဘူး"

ဆရာမသည် သူ၏လက်ထဲမှ ကြိမ်လုံးကို တဆဆ လုပ် ရင်း ပြောနေ ပါသည်။ ကျွန်တော့် နည်းတူ ဆရာမစားပွဲတဖက်တွင် လက်ပိုက်ပြီးရပ်နေသော စိုးမြင့်ကို တွေ့ရပါသည်။ ကျွန်တော် နားလည် လိုက်ပါသည်။ သင်းကြောင့် သည် တကြိမ် ကျွန်တော့် အသား နာရချေဦးမည်ဟု ရှုံမှန်း ဒေါသထွက်စွာဖြင့် စိုးမြင့်၏ မျက်နှာကို စိမ်းစိမ်းကြည့်လိုက်မိပါသည်။

ကျွန်တော့် ဦးနှောက်တွင်းဝယ်၊ မနေ့က စံဝင်းနှင့်ရန်ဖြစ်၍ ခေါင်းကို ခဲဖြင့်ထုပစ်လိုက်ခြင်း၊ ထိုရန်ပွဲကို အစအဆုံးမြင်သူ စိုးမြင့်က ဆရာမ သွားတိုင်သောကြောင့် ဆရာမ၏ ကြိမ်ဒဏ် ကျွန်တော်ခံရခြင်း၊ ထို့ကြောင့်ပင် ယနေ့နံနက် စိုးမြင့် ကျောင်းတက်အလာ လမ်းမှ စောင့်ပြီး သူ့မျက်နှာကို လက်သီးဖြင့် ထိုးပြီး သူ၏လွယ်အိတ်ကို လုယူကာ ရေမြောင်းထဲသို့ လွှင့်ပစ်ခဲ့ခြင်း စသည် စသည်တို့ကို တွေးလိုက်မိပါသည်။ မြင်ယောင် မိပါသည်။ ယခုတိုင် သူ၏မျက်ကွင်းများ ညိုလျက်ရှိသည်မှာ ကျွန်တော့် လက်သီးအစွမ်းကြောင့် ဖြစ်ကြောင်း သိလိုက်မိပါသည်။

ယခုလည်း ဒီကောင် စိုးမြင့်၏ စံနက်ကြောင့် ဆရာမက ကျွန်တော်၏ တင်ပါး၊ခြေသလုံးတို့ကို ကြိမ်လုံးဖြင့် ရိုက်ပါတော့သည်။ နာကြင်လွန်းလှပါသည်။ သို့သော်လည်း အများရှေ့တွင် ဖြစ်နေ၍ မျက်ရည် မကျ မိအောင် အံကြိတ် ထားလိုက်ပါသည်။

"ဒီမှာ ခင်ဇော်၊မင်းအသားထိတော့ သိပ်နာတယ် ဟုတ်လား"

ဆရာမ က ရိုက်ရုံတင် မက ကြိမ်ဒဏ်အရသာကိုပါ မေးနေပါသေးသည်။

"မင်းဟာ အမြဲ ရန်လိုတတ်တဲ့ ကျောင်းသား တယောက်ဖြစ်လို့ အားလုံးရှေ့မှာ အပြစ်ပေး ခံရပြီးပြီ။ ဒါ နောက်ဆုံးဖြစ်ပါစေ။ အတန်းသားတွေက မင်း ကို လူ ရမ်း ကား လေး လို့ မ ထင် မှတ် စေ ချင် ရင် တော့

နောက်ထပ် ရန်ဖြစ်ဖို့ မကြိုးစားနဲ့တော့ ကြားလား”

ကျွန်တော်သည် ဆရာမ စကားကို ကြားတချက် မကြားတချက်ဖြစ်နေသည်။ ကျွန်တော့်ကို ကြည့်နေကြသော အတန်းသားများကိုရင်း၊ စိုးမြင့်ကိုရင်း ကျွန်တော် နာကျည်းမိသည်။ “ငါ့အကြောင်း သိကြမှာပေါ့ကွာ” ဟုလည်း စိတ်ထဲမှ တေးထားလိုက်မိပါသည်။ ဖြစ်နိုင်လျှင် အားလုံးကို ဝါးလုံးရှည်ရှည် တချောင်းဖြင့် သိမ်းရိုက်ပစ်ချင်ပါသည်။

“ကဲ၊ မင်းသွားနိုင်ပြီ”

ဆရာမ ခွင့်ပြု၍ ကျွန်တော့်ခုံသို့ လျှောက်လာကာ ထိုင်ချလိုက်ပါသည်။

“ဒီမှာ သူငယ်ချင်း၊ မင်းရိုက်ခံရတာ မြင်ရတော့ ငါစိတ်မကောင်း ဖြစ်မိပါတယ်ကွာ”

အမှတ် မထင် ကျွန်တော့်နားသို့ ရောက်လာသော စိုးမြင့်က ဆိုသည်။

“ဘာကွ ဘာပြောတယ်”

“ငါပြောတာ ဆုံးအောင်နားထောင်ပါအုံး ခင်ဇော်၊မနေ့ကရော ဒီနေ့ကိစ္စမှာပါ ဆရာမကို ငါမတိုင်ခဲ့ပါဘူး၊ မင်း ငါ့ကြောင့် ရိုက်ခံရတယ်လို့ ထင်နေတယ် မဟုတ်လား”

“ဟေ့ကောင် သွားစမ်းကွာ၊ ခုမှ မုန်လာဥ လာလုပ်မနေနဲ့၊ ငါ စွပ်ထိုးလိုက်မိမယ်”

“မဟုတ်သေးဘူး ခင်ဇော်၊ ဆရာမကို တိုင်တာငါမဟုတ်ဘူး၊ မြင်တဲ့ အတန်းသားတွေ အားလုံးက ဝိုင်းတိုင်ကြတာပါ၊ မယုံရင် မေးမြန်းကြည့်ပါအုံး”

“ဘာရယ် မင်း မတိုင်ဘူးဟုတ်လား”

“မတိုင်ပါဘူးကွာ၊ဒီမှာ မင်းထိုးထားတဲ့ ဒဏ်ရာကြောင့် ငါ့မျက်ကွင်း ညိုနေပြီး မျက်စိတောင် အောင့်နေတယ်။ ဒါပေမဲ့ မင်း ထပ်ရိုက်ခံရမှာ စိုးလို့ မတိုင်ခဲ့ပါဘူး”

“ဒါဖြင့် အတန်းသားတွေကဘဲ မနေ့ကရော ဒီနေ့ကိစ္စပါ တိုင်ကြတယ်ပေါ့ ဟုတ်လား”

“အေး ဟုတ်တယ်၊ ရန်ဖြစ်တာကို ဘယ်သူမှ မလိုလားကြဘူး၊ ဒါ့ကြောင့် သူတို့တိုင်ကြတာဘဲကွာ”

“ဟင် ဟုတ်လား၊ ဒါဖြင့် ငါ မင်းကို အထင်လွဲပြီး ထိုးမိတာပေါ့၊ မင်း-မင်း ငါ့ကို ခွင့်လွှတ်နိုင်တယ်ဟုတ်လား”

ဇာတ်အရေလည်သွားပါပြီ။ ကျွန်တော်၏ မိုက်မဲမှု၊ မစူးစမ်း မဆင်ခြင်မှုကြောင့် မဆီမဆိုင် စိုးမြင့် အထိုး ခံရသည်။ ပြီး ကျွန်တော်ထပ်အရိုက်ခံရသည်။ ကျွန်တော်သည် စောစောက ကြိမ်လုံးဒဏ်ကို ခံရစဉ်က မျက်ရည် မကျအောင် ထိန်းသိမ်းနိုင်ခဲ့၏။ ယခုမူ အပြစ်မဲ့၍ သည်းခံနိုင်လွန်းသော သူငယ်ချင်းကို အကြောင်းမဲ့ စော်ကားမိမှန်း သိရသဖြင့် ဝမ်းနည်းလွန်း၍ ကျွန်တော့်မျက်လုံးအိမ်မှ မျက်ရည်များစီးကျလာတော့သည်။

## ချင်းတို့ဒေသ

ချင်းတောင်တန်းကိုသွားတို့ရာ၊
လမ်းပန်းခက်ခဲ မလွယ်ပါ။
ရိုးမဝိုင်းလို့ မှိုင်းညိုပြာ၊
တောင်းစဉ်တောင်တန်း
ကန့်လန့်ကာ။

ကာလပေ လစေ
သည်တောင်လောက်၊
တို့များငုံ့ဝင်းဝန်း
လမ်းသစ်ပေါက်။
ခရီးပေါက်လို့ အရောက်လွယ်၊
ချင်းတို့ဒေသ သွားကြမယ်။
တို့လဲလိုက်မယ် အတူသွား၊
မောင်တို့မယ်တို့
ပျော်ပျော်ပါ။

တောင်လှေကားထစ်
စိုက်ခင်းအောင်၊
ချင်းသွေးသားတို့ လှုံ့လဆောင်။
ညီမောင်ညီမ စူးစမ်းကြ၊
ပန်းသီးလှလှ ချိုမြမြ။ ။

မောင်တင်စိုး(သစ်ဆုကောက်)



# ကုပ်ကလောင်

R. 517



ကုပ်ကလောင်သည့် ဖိုးခေါင် ငှက်မျိုးတွင် အပါအဝင်ဖြစ်သည်။ ကိုယ်အလျား ကိုးလက်မ ခန့်ရှိ၍ လည်ပင်း၏ အရောင်သည် ပြာသည်။ တွတ်-က-ရွတ်၊ ဂွတ်-က-ရွတ် ဟု ကျယ်လောင် စူးရှစွာ အော်တတ်၏။ အော်ရာ၌ အလွန် မြန်ဆန်၏။

ဖိုးခေါင်ကဲ့ သို့ပင် ကုပ်ကလောင်သည် ကျွန်းတော၌ ကျက်စားသည်။ ငှက်ကလေးများ ဥမှ ပေါက်ချိန်မှာ ပြီလမှ ဇူလိုင်လအတွင်း ဖြစ်သည်။ တ ဥလျှင် ပျမ်းမျှ အလျား ၁.၁၀ လက်မနှင့် ပြက် ၀.၈၁ လက်မရှိသည်။ တမြုံလျှင် နှစ်ဥမှ လေးဥအထိ ရှိတတ်၏။



အရှေ့တိုင်း နိုင်ငံများတွင် အနှံ့အပြားတွေ့ရပြီး အနောက်ဖက်သို့ ဟိမဝန္တာတောင်ခြေတလျှောက် ကသ္မီရတိုင်းအထိ ပြန့်နှံ့နေကြ၏။ မြန်မာနိုင်ငံ၌လည်း ဒေသအနှံ့တွင် တွေ့ရပြီး အမြင့် ပေ ၂၀၀၀ မှ ၄၀၀၀ တွင် ပေါများစွာ တွေ့ရ၍ ပေ ၆၀၀၀ အမြင့်တွင် အနည်းငယ်သာ တွေ့ရသည်။

စိုးမြင့်

၂၅ ပြား

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့၊ အုပ်ချုပ်ရေးမှူး
ဦးထင်ကြီးက ကင်းလွတ်ခွင့် အမှတ် ၀၁၂၀၈ ဖြင့် ဘာသာပြန်၍ ထုတ်ဝေ၍၊ ရန်ကုန်မြို့၊ ၃၆၁
ပြည်လမ်း၊ စာပေဗိမာန် ပုံနှိပ်တိုက် (မှတ်ပုံတင်အမှတ် ၀၀၃၂)တွင် ဦးကျော်အုံးက ရိုက်နှိပ်သည်။

Read more Shwe Thway Journals at




🡻 Click below link 🡻

https://www.facebook.com/shwethwayjournal/